# ရှင်ကွဲမှာ

ခုနှစ်ကိုတော့ဖြင့် မမှတ်မိတော့ပြီ။ ဗမာပြည်တွင် အအေးလှိုင်းဖြတ်သောနှစ်၏ နိုဝင်ဘာလ ရက်တရက်ဟုသာ။ ရောဝတီ သင်္ဘောသည် မြစ်၏ အလယ်တွင် ကျောက်ချရပ်နားထားရသည်။ မြစ်ပြင်ကျယ်အတွင်းတွင် နှင်းမှုန်တို့သည် ထူထပ်သိပ်သည်းစွာ ကျဆင်းနေဆဲဖြစ်၍ ဆိပ်ကမ်းကိုလုံးဝ လှမ်းမြင်ရခြင်းမရှိ။ နှင်းကွဲမှသာ သင်္ဘောသည် ဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ပေလိမ့်မည်။

အနွေးထည်ဇစ်ကို အဆုံးထိဆွဲတင်ရင်း ကျနော်လိုက်ပါလာသည့် အခန်းမှ ပြတင်းပေါက်ကို ဖွင့်၍ မြစ်ပြင်ကို ငေးကြည့်နေမိသည်။ နှုတ်မှလည်း အဆိုတော် ခင်ဝမ်း၏ "ပြည်မှာဆောင်း" သီချင်းကို တီးတိုးညည်းဆိုလျှက်။ မြစ်ပြင်တခုလုံးသည် ခရမ်းနုရောင်နှင်းမှုန်တို့ဖြင့် အုံ့မှိုင်းမှုန်ရီနေလေသည်။

ကျနော် ဒီခရီးကို ယခုမှသွားဖူးခြင်းမဟုတ်။ သွားခဲ့ လာခဲ့ပေါင်းများ၍ ခေါက်ရိုးပင်ကျိုးနေလေပြီ။ ယခုလည်း ရန်ကုန်ရုံးချုပ်သို့ မြို့နယ်ဆိုင်ရာ အချက်အလက်များ ပေးပို့ရင်း ဌာန၏ bye laws များ အတည်ပြုချက်ယူပြီး ပြန်လာခြင်းဖြစ်သည်။ စိတ်အစဉ်သည် ရုံးသို့ပြန်ရောက်လျှင် ဆောင်ရွက်ရမည့် အလုပ်များကို အစီအစဉ်ချရင်း မည်မျှကြာအောင် တွေးနေမိသည်မသိ။ ဥသြရှည်ဆွဲ၍ သင်္ဘောလှုတ်ရှားလာမှ သတိဝင်လာသည်။

ဆိပ်ခံဘောတံတားသို့ သင်္ဘောကပ်လိုက်သည်နှင့် တပြိုင်နက်တည်းမှာပင် အလုအယက်ရောက်ရှိလာသော ဆပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားများ၊ ဆိုက္ကားသမားများက သင်္ဘောပေါ်သို့ သူ့ထက်ငါ အရင်ရောက်အောင် တက်ရင်း  တယောက်တပေါက် အော်ဟစ်နေကြသည်။ ခရီးသည်တို့ကို လာရောက် ကြိုသူတို့၏ အမျိုးမျိုးအော်ခေါ်သံတို့သည် ပွက်လောရိုက်လျက် ရှိ၏။ "... ... ... မြို့မှ လှိုက်လှဲစွာ ကြိုဆိုပါ၏" ဆိုသော ဆိုင်းဘုတ်မှ မီးတို့သည်လည်းလင်းလာပြီး မြို့၏ ဆိပ်ကမ်းသည် အသက်ဝင်လာလေပြီ။

အေးအေးဆေးဆေး လူရှင်းမှ ဆင်းတော့မည်ဟု ဆုံဖြတ်ရင်း ကုတင်ပေါ်ထိုင်၍ ဖိုင်တွဲများနှင့် ခရီးဆောင်အိတ် တို့ကို စစ်ဆေးနေခိုက် "ဦးဦး သမီးဘာကူသယ်ပေးရမလဲဟင်" ချမ်းလွန်း၍ မေးချင်းရိုက်နေသည့် အသံနှင့်အတူ အခန်းဝတွင် မတ်တပ်ရပ်နေသည့် ၇ - နှစ်/ ၈ - နှစ် အရွယ် မိန်းကလေးငယ်တဦး။ အေးလွန်းသည့် ဆောင်းနံနက်ခင်းတွင် အကွက်မပေါ်တော့သည့် ဖလံနယ် အင်္ကျီလက်ရှည်ကလေးနှင့် ဒူးဆစ်ရောက်လုနီးကပ်နေသည့် ဘောင်းဘီရှည်ကလေးကို ဝတ်ထားသည်။ ချမ်းရှာ၍ထင့် နှုတ်ခမ်းတို့သည် ပြာနေသည်လား၊ မည်းနေသည်လား ခွဲခြားမတတ်တော့။ ကျနော်ခဏ္ဍမျှ အကဲခတ်ကြည့်လိုက်ပြီး နောက်
"ဦးဦး မှာ ပစ္စည်းမများပါဘူး ကလေးရယ်။ ဦးဦး သယ်နိုင်ပါတယ်။ ကူသယ်ပေးစရာ မလိုပါဘူး"
"ဟိုက ဖိုင်တွဲတွေကို ကူသယ်ပေးပါရစေ ဦးဦးရယ်။ ကုန်းပေါ်ရောက်ရင် သမီးကို မုန့်ဖိုးလေး ပေးပါနော်။ သမီးမောင်လေး အတွက်ပါ"
ကြိုးနှင့်စည်းထားသော ဖိုင်တွဲများကို လက်ညှိုးညွှန်ရင်း ပြောလာသဖြင့်
"ဦးဦး မုန့်ဖိုးပေးပါ့မယ် သမီးရယ်၊ ဖိုင်တွဲတွေကိုတော့ မသယ်ပါနဲ့၊ မတော်တဆ ရေထဲကျသွားရင် ဒုက္ခ၊ အဲဒါတွေက အရေးကြီးတယ်ကွ" ဟု ပြောပြောဆိုဆို သူမလက်ထဲသို့ တစ်ဆယ်ကျပ်တန်တရွက်ကို ထုတ်ပေးလိုက်သည်။ ဤတွင် ကလေးမက ...

“အလကားမယူချင်ပါဘူး ဦးဦးရယ်၊ ဟိုအိတ်ကလေးကို သမီးကူသယ်ပေးမယ်” ဆိုပြီး ကျနော့်ခရီးသွားလျှင် လွယ်လေ့ရှိသည့် ဂျင်းလွယ်အိတ်ကလေးကို ကောက်လွယ်ရင်း ကျနော့်ရှေ့မှ ဦးဆောင်သွားတော့မှ လမ်းလျှောက်ပုံကို သတိပြုမိလိုက်သည်။ ဩော် … ခြေထောက်တစ်ဘက်ကလည်း မသန်ရှာပါကလား၊ ကျနော့်ရင်ထဲမှာ နင့်ကနဲ … …။

ကျနော်သည် ဌာနဆိုင်ရာ တာဝန်ဖြင့် ခရီးအတော်များများကို ထွက်ခဲ့ဘူးသည်။ ရထားဘူတာ၊ ကားဂိတ်၊ သင်္ဘောဆိပ်များတွင် ယင်း ကလေးမ အရွယ် ကလေးတချို့သည် ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အကြောင်းအမျိုးမျိုး တို့ကို တတွတ်တွတ်ပြောဆိုရင်း ခရီးသည်များခံမှ ငွေကြေးအလို့ငှာ တောင်းရမ်းနေသည်ကို တွေ့ရစမြဲပင်။ အချို့ကလေးများသည်။ ၂ - နှစ်/ ၃ - နှစ်အရွယ် ကလေးငယ်များကို ချီပိုးရင်း “သားရဲ့ ညီမလေး ထမင်းမစားရ သေးလို့ပါ” “သမီးရဲ့မောင်လေးအတွက် နို့ဖိုးလေးပေးပါ” စသည်ဖြင့်။ ယင်းကလေးငယ်များသည် မိသားစု စားဝတ်နေရေးအတွက် သူတောင်းစားဘဝသို့ ရောက်မှန်းမသိရောလာကြရလေပြီ။

ထိုသို့ မြင်ရလေတိုင်း ထိုကလေးတို့၏ နောက်ရေးကို စဉ်းစားမိပြီး ရင်မောမိသည်။ ဒီခေတ်၊ ဒီစနစ်မှာမှ လူလာဖြစ်ကြရသော ကလေးငယ်များ။ ခေတ်ဆိုး၊ စနစ်ဆိုး၏ ကြမ်းတမ်းပြင်းထန်လှသည့် ရိုက်ချက်ကို ဘုမသိ ဘမသိ ဒဏ်ခံနေရသည့် အနာဂတ်တွင် ခေါင်းဆောင်ဖြစ်လာနိုင်သော အမိနိုင်ငံ၏ အင်းလားဖြစ်ရလာမည့် ကလေးငယ်များ။ ဤကလေးငယ်များသည် အာဏာရှင်တစု၏ “ဘက်ပေါင်းစုံ ဖွံ့ဖြိုး တိုးတက်သောနိုင်ငံတော်သစ်ဆီသို့ … ” ဟူသော ဆိုင်းဘုတ်ကြီး၏ အောက်တွင် တနေ့တာ ဝမ်းပြည့်ရေးအတွက် အရွယ်နှင့်မမျှ (တောင်းရမ်းခြင်းဖြင့်) ဖြေရှင်းနေကြရလေပြီ။

ကျနော်ငယ်ငယ်က မြန်မာ့အသံမှ ထုန်လွှင့်လေ့ရှိသည့် သီချင်းတပုဒ်၏ စာသားအချို့ကို သတိယမိသည်။ “နောင်တခေတ်ရဲ့ ခေါင်းဆောင်ဆိုတာ မင်းတို့ မဟုတ်လား။ စာကြိုးစားကြ ဖေဖေချစ်တဲ့ သမီးနဲ့သား … ” တဲ့။
တခုခုတော့ဖြင့် လွဲနေပြီထင်သည်။ ၎င်းကလေးတို့၏ အမိအဖတို့သည် အဘယ်မှာ ကျောင်းထားနိုင်မည်နည်း။ လက်ရှိ မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် အလယ်တန်းအဆင့်အထိ အခမဲ့ ပညာရေးစနစ် ဆိုသော်လည်း ကျောင်းဝင်ကြေးမှ အစပြုသည့် နောက်ထပ်အထွေထွေကုန်ကျစရိတ်များကို ယင်းကလေးတို့၏ မိဘများ တတ်နိုင်ပါမည်လော။ သို့ဖြစ်၍ မိသားစု၏ ဆင်းရဲတွင်းကို သူတို့လေးတွေ၏ဘဝနှင့် ကူဖြည့်ပေးရင်း ၎င်းကလေးတို့သည် ကျောင်းနှင့်ဝေးခဲ့ကြသည် မဟုတ်တုံလော။ အနာဂတ်ခေါင်းဆောင်လောင်းလျာတို့သည် ခွက်လက်စွဲ၍ တောင်းစားနေကြရပြီ မဟုတ်ပါလား။

ထိုကလေးငယ်တို့၏ မျက်ဝန်းများတွင် စိုးရွံ့ခြင်း၊ အားငယ်ခြင်း၊ မျှော်လင့်ချက်မဲ့ခြင်းတို့နှင့်အတူ လောကကြီးအတွင်းမှ မမြင်ရသော တစုံတဦးကို တောင်းပန်တိုးလျှိုးနေသယောင်ယောင်။ သင်္ဘောပေါ်မှ မိန်းကလေးကတော့ဖြင့် မုန့်ဖိုးတစ်ဆယ်ကို အလကားမယူလို သူတတ်နိုင်သည့်လုပ်အားနှင့် ပြန်လည် အကျိုးပြုလိုသော သူမ၏ စိတ်ဓါတ်ကို တန်ဖိုးထား ဦးညွတ်မိ၏။

---- ---- ---- ----

“ဘယ်လိုမိဘတွေကများ အားအားလျားလျား မွေးထားသလဲမသိပါဘူးတော်။ သူခိုးလေးတွေ လစ်ရင်လစ်သလို ခိုးတယ်”
“သမီးဘာမှ မခိုးရပါဘူး ကြီးကြီးရယ်၊ အောက်မှာတွေ့လို့ ကောက်မိတာပါ၊ သမီးမောင်လေးဖို့ပါ။ မောင်လေးကို ကျွေးချင်လို့ပါ”

သူငယ်ချင်းဈေးတာဝန်ခံ၏ ရုံးခန်းအတွင်း ကော်ဖီသောက်ရင်း သူငယ်ချင်းနှင့် စကားပြောနေခိုက် အထက်ပါ အသံများနှင့် အတူ လူသုံးဦး ရုံးခန်းအတွင်းသို့ ဝင်လာကြသည်။ ဦးဆောင်ဝင်လာသည့် မိန်းမကြီးက တတွတ်တွတ်ရေရွတ်ရင်း ကျနော့် သူငယ်ချင်းအား ...

"ဦးစီး ဒီကောင်မလေး ကျမဆိုင်က ပစ္စည်းကို အလစ်သုတ် ပြေးတယ်။ လိုက်ဖမ်းလို့ မိတော့ အထုတ်ကို ရင်ဘတ်ထဲ ထည့်ပြီး မိတ်ထားတယ်။ တောင်းလို့ မရဘူး။ အဲဒါ ဦးစီး ကြည့်ရှင်းပေးပါ။"

ကျနော်လှည့်ကြည့်လိုက်တော့ ... လား ... လား သဘော်ပေါ်မှာ တွေ့ခဲ့ရသော ကလေးမလေးပါလား။

ကလေးမ လေးက သူ၏ ရင်ဘတ်ထဲမှ အထုတ်ကလေး တထုတ်ကို တင်းတင်း ကြပ်ကြပ် ပိုက်ထားရင်း ငိုသံစွတ်လျက် က...

"သမီး မခိုးပါဘူး ဦးဦး တို့ရယ်။ သူတို့က အော်ပြီး အတင်းလိုက်လို့ ထွက်ပြေး မိတာပါ။ အိတ်ထဲက ဟာက မောင်လေးဖို့ပါ။ သမီးကို မဖမ်းပါနဲ့ နော်" လို့ ပြောရင်း မျက်ဝန်းမှ မျက်ရည်တို့သည် ပါးပြင်ကို ဖြတ်၍ ရုံးခန်း ကြမ်းပြင်ပေါ်သို့ ကျလာလေပြီ။ ငိုနေသည့် ကလေးမကို ယခုမှ သေသေချာချာ ကြည့်မိသည်။ ဆီနှင့်ကင်းဝေးလွန်းသည့် ဦးခေါင်းထက်မှ ဆံပင်တို့သည် နီကျင်ကျင် ပွယောင်းယောင်း၊ အဟာရ ဓာတ်ပြည့်ဝစွာ မရသည့် ပိန်လွန်းသော ခန္ဓာကိုယ်သည် ချမ်းလွန်း၍လား ကြောက်၍လား မပြောတတ်။ တဆက်ဆက် တုန်ယင် နေသည်။

ကျနော့် သူငယ်ချင်းက ဘာဆက်လုပ်မည်ကို သိလိုသောကြောင့် ကိုယ်နှင့်မဆိုင်ပါပဲ ကျနော်ဆက်ထိုင်ရင်း အကဲခတ် နေမိသည်။ သူငယ်ချင်းက ...

"ကဲ ဆိုစမ်းပါဦး ဒီကလေးက ခင်ဗျားဆိုင်က ဘာပစ္စည်းကို အလစ်သုတ်သွားလို့လဲ"

ဈေးသည် မိန်းမကြီးက တချက် တွေကနဲ ဖြစ်သွားပြီး ...

"ဘာခိုးသွားသလဲတော့ မသိဘူး။ ဆိုင်နောက်မှ ကုန်းကုန်း ကုန်းကုန်းနဲ့တွေ့လို့ လှမ်းအော်လိုက်တော့ ထွက်ပြေးသွားတယ်။ အဲဒါ သူ တခုခု ခိုးသွားလို့ပေါ့။"

ကျနော့် သူငယ်ချင်းက စိတ်မသက်မသာ တစ်ချက် ညည်းလိုက်ရင်း ကလေးမလေးကို ကြည့်လိုက်ကာ ...

"သမီး၊ သမီး ရင်ဘတ်ထဲက အိတ်ကို ဦးဦးကို ခဏပြ။ သမီးကို ဦးဦးတို့ မဖမ်းပါဘူး"

ပြောရင်း ထိုင်ခုံမှ ထကာ ခလေးမလေး ရှေ့သို့ သွားရပ်လိုက်သည်။ ကလေးမလေးက မထုတ်ချင်ထုတ်ချင်နှင့် ရင်ဘတ်ထဲမှ အထုတ်ကလေးကို ထုတ်ပြီး ပေးလိုက်သည်။ အထုတ်တွင်းမှ ပစ္စည်းတို့ကို ရုံးခန်း၏ ကြမ်းပြင်ပေါ်သို့ သွန်ချလိုက်တော့ ထွက်လာသည့် ပစ္စည်းလေးတွေက ...

ကုန်ခြောက်တကာတို့မှ စွန့်ပစ်ထားသော တခြမ်းပုတ် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး ... စသည်

ကုန်စိမ်းဆိုင်တို့မှ လွှင့်ပစ်ထားသော ခရမ်းချဉ်သီး၊ ခရမ်းသီး ... စသည်

ပုတ်လု နီးနီး ကုန်စိမ်းတချို့နှင့်အတူ ထွက်လာသည်က လက်တဝါးစာအရွယ် ပုတ်အဲ့အဲ့ ငါးကလေးတကောင်...

ရုံးခန်းအတွင်းရှိ လူများ၏ မျက်နှာသည် အုံဆိုင်း မှုံမှိုင်း သွားကြသည်။

ပြောင်းလဲသွားသော အခြေအနေကြောင့် လာပို့သော မိန်းမကြီးနှင့် အဖော်တို့ ဘယ်ရောက်သွားသည်မသိ။ သူငယ်ချင်းသည် မျက်တောင်တို့ကို အမြန်ခတ်ရင်း ကလေးမ၏ အိတ်ထဲသို့ ပစ္စည်းတို့ကို ပြန်ထည့်ပေးနေသည်။ ပြီးနောက် သူ၏ အိပ်ကပ်ထဲမှ တရာကျပ်တန်တရွက်ကို ထုတ်ပြီး ကလေးမ၏ သေးလှီးသည့် လက်ကလေးထဲ ထည့်ပေးလိုက်ပြီး ပြတင်းပေါက် ဘောင်ကို လက်ထောက်လျက် အဝေးတနေရာသို့ ငေးရီ။ မျက်ရည်စို့ မျက်ဝန်းအစုံနှင့် ဝမ်းသာလွန်းသည့် ကလေးမ၏ မျက်နှာ။ ဒီမြင်ကွင်းကို ကျနော် တသက် မမေ့တော့။

အတန်ကြာ ပြတင်းပေါက်မှာ ရပ်နေပြီးမှ ညို့အုံသော မျက်ဝန်းအစုံနှင့် သူငယ်ချင်းက ကျနော့်ဘက်သို့ လှည့်လာပြီး

"ခက်တယ် သူငယ်ချင်း မြေနိမ့်ရာ လှံစိုက် နေကြပြီ၊ လူတွေရဲ့ ကြင်နာသနားမှုဆိုတာ ငါတို့ဘယ်မှာ ရှာကြမလဲ၊ ဒီတရားခံက ... "

စကားကိုဖြတ်၍ ကျနော့် မျက်မှာကို ကြည့်နေသည်။ ပြီး ...

"အဲဒီ ကလေးမလေးရဲ့ အမေက စိတ်မနံ့တော့ဘူး။ သူ့မှာ ၃ - နှစ်ကျော်လောက်ရှိတဲ့ မောင်လေးတယောက် ရှိတယ်။ အခုသူပဲ လုပ်ကျွေးနေတာ"

---- ---- ---- ----

နေ့စွဲတို့သည် ထိန်းချုပ်တား၍ မရ။ စီးဆင်းနေကြသည်။ ခရမ်းနရောင်နှင့်တို့ အသိပ်သည်းဆုံးလ၊ ဒီဇင်ဘာ

"တာဝန်မှူး၊ တာဝန်မှူး ... ဦးစီးခေါ်နေတယ်"

ရုံးရှေ့မှ ခေါ်သံကြား၍ ကျနော် အခန်းအတွင်း အစီရင်ခံစာ တခုကို လက်နှိပ်စက် ရိုက်နေသည်ကို ရပ်ပြီး ဦးစီးအရာရှိ ရုံးခန်းအတွင်း ဝင်သွားလိုက်သည်။

"ဦးစီး၊ ဘာကိစ္စလည်း"

မေးရင်း သူ့စားပွဲရှေ့ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ယူနီဖောင်း၊ ဘောင်းဘီ အိပ်ထဲမှ မှက်စု စာအုပ်ကို လိုလိုမယ်မယ် ကိုင်လိုက်သည်။ ဦးစီးအရာရှိက ...

"ညီလေး ဘုရားတံဆောင်းဘေးက သာသနာ့ဗိမ္မာန်ရှေ့က ခြသေ့်ကြီးနှစ်ကောင်နားမှာ ကလေးအလောင်း ၂ လောင်းတွေ့တယ်လို့ ရဲစခန်းက အကြောင်းကြားတယ်။ အဲဒီနေရာကို ငါ့ညီသွားပြီး လိုအပ်တဲ့ကိစ္စတွေ လုပ်ပေးပြီး အစီရင်ခံစာတင်ဖို့ အချက်အလက် ယူခဲ့ပါ။"

ဦးစီးအရာရှိ၏ စကားဆုံးသည်နှင့် ဌာနပိုင် မော်တော်ဆိုင်ကယ်ကို စီးရင်း သူညွှန်သည့်နေရာသို့ အသော့နှင်လာခဲ့သည်။ ထိုနေရာတွင် အသင့်ရောက်နေသော ရဲအရာရှိတဦးနှင့်အတူ ဝိုင်းအုံနေသည့် လူများကို တိုးဝှေ့ရင်း ခြင်္သေ့ကြီး ၂ ကောင်ရှေ့ အရောက်တွင် တွေ့မြင်လိုက်သည်က ရင်ကို နင့်ကနဲ ဖြစ်စေသည်။

တန်ဆောင်းရှေ့ ခြင်္သေ့ကြီးနှင့် အုတ်တံတိုင်းကြား လေကွယ်သည့် နေရာကလေးတွင် မည်သည့်အချိန်က ညိမ်းနေသည် မသိသည့် မြက်ခြောက် မီးပုံကလေး၊ ၎င်းဘေးတွင် အောက်ခံ အင်္ကျီပါးကလေးနှင့် ခွေခွေကလေး လဲလျောင်းနေသည့် ကျနော်တွေ့ဖူးသော ကလေးမလေး။ သူ့ရင်ခွင်ထဲမှာက ယခင်သူဝတ်ဖူးသည့် ဖလံနယ် အင်္ကျီကလေးနှင့် ပတ်ထားသည့် ၃/၄ နှစ်အရွယ် ကလေးငယ် တဦး။ မီးတို့သည် ငြိမ်းနေလေပြီ။ အသက်တို့သည် ကင်းနေလေပြီ။

ကျနော်နှုတ်မှ တစုံတခုကို ဖွင့်အော်လိုက်ချင်မိသည်။ ဈေးတာဝန်ခံရုံးမှ ပုံရိပ်များ၊ သင်္ဘောပေါ်မှ ပုံရိပ်များ၊ သူကလေးပြောခဲ့သည့် စကားများ။ အားလူးပုတ်၊ ကြက်သွန်ပုတ်၊ ငါးပုတ်များ ...

လောကပါလနတ်တို့သည် လောကကို စောင့်ရှောက်ကြကုန်၏။ ယခု ယင်းလောကပါလနတ်မင်းတို့သည် အဘယ်သို့ အလေလိုက် နေသနည်း။ သို့တည်းမဟုတ် ဤနိုင်ငံကို အစိုးရသူတို့အား ရှောင်ကျင် နေ၍လော။

ဒီဇင်ဘာနှင်းတို့သည် ကျမြဲ ... ... ... သူတို့နှင့်မဆိုင်သလို ... .... ... ။

ဒီမို